Mother's Day Special

Volume 4 / Issue 5 / May / 2011

Enjoy free reading from B.C.F

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## မိခင်၏အကြင်နာ–မေတ္တာ

### မိခင်များအားမေတ္တာဖြင့်ဂုဏ်ပြုပါ၏။

"သူ့သား/ကိုယ့်သား"ဟု အငြင်းပွားနေကြသော ပြည့်တန်ဆာမ နှစ်ဦးသည် ဘုရားသခင်ချ ပေးတော်မူ၍၊ ညာဏ်ပညာနှင့် ပြည့်စုံသော ရှင်ဘုရင် ရှောလမုန်မင်းကြီး (King Solomon) အထံတော်သို့ တရားဆုံးဖြတ်မှုကို နာခံရန် ရောက်လာ၏။

ပြည်တန်ဆာ မိန်းမနှစ်ယောက်သည် မင်းကြီး၏ ရှေ့တော်၌ ရပ်လျက်။–

မိန်းမက– "အိုအရှင်…ကျွန်တော်မသည် ဤမိန်းမနှင့် တအိမ်တည်း နေပါသည်။–
တအိမ်တည်းတွင် နေလျက် ကျွန်မသည် သားကို မွေးဖွားပါသည်။–
သုံးရက်လွန်မှ တဖန် ဤမိန်းမသည် သားမျက်နှာကို မြင်ပါသည်။–
ထိုအိမ်၌ အဘယ်သူ့သည်မျှမရှိ၊ သူနှင့်ကျွန်မနှစ်ယောက်တည်းသာ ရှိပါသည်။–
ဤမိန်းမသည် ညအခါ မိမိသားငယ်ကို ဖိ၍ အိပ်မိသောကြောင့် သားငယ် သေပါသည်။–
သန်းခေါင်ယံ၌ သူသည်ထ၍ ကျွန်တော်မ အိပ်ပျော်စဉ် ကျွန်တော်မသားငယ်ကို ယူ၍ သူမ ရင်ခွင်၌ ထားပါသည်။–
သူမ၏ သားငယ်အသေကောင်ကို မူကား၊ ကျွန်မ၏ ရင်ခွင်၌ ထားပါသည်။–
နံနက်အချိန်၌ ကျွန်တော်မသည် သားငယ်ကို နို့တိုက်ရန် ထသောအခါ သားငယ်သည် သေလျက် ရှိပါသည်။–
သို့ရာတွင်၊ ကျွန်မသည် သေသောသူငယ်ကို စေ့စေ့ကြည့်ရှုသောအခါ ကျွန်မဘွားမြင်သော သား မဟုတ်ပါ "ဟုလျှောက်ဆို သည်။–

အခြားသောမိန်းမကလည်း။–"မဟုတ်ပါအရှင်…အသက်ရှင်သောသူငယ်သည်ငါ့သား။သေသောသူငယ် သည်သာသင့်သား"ဟုငြင်းလေသည်။

မိန်းမက– "ထိုသို့မဟုတ်ရပါ၊သေသောသူငယ်သည်သူမ၏သား။အသက်ရှင်သောသူငယ်သည်ကျွန်မ၏ သားဖြစ်သည်"ဟုဆိုလေသည်။ ထိုသို့ရှေ့တော်၌လျှောက်ဆိုကြလျှင်။–

ရှင်ဘုရင်က– "မိန်းမတယောက်ကအသက်ရှင်သောသူငယ်သည်ငါ့သား။သေသောသူငယ်သည်သင်၏ သားဖြစ်ဟုဆိုလျက်။တယောက်ကထိုသို့မဟုတ်။သင်၏သားသေပြီ။ ငါ့သားအသက်ရှင်သည် ဟုဆိုသည်။ ထားကိုယူခဲ့"ဟုမိန့်တော်ရှိသည်အတိုင်း၊ … ရှေ့တော်သို့ထားကိုယူခဲ့ကြသည်။

ရှင်ဘုရင်ကလည်း။– "အသက်ရှင်သောသူငယ်ကို ဦးခေါင်းမှ ခြေတိုင်အောင်ခွဲ၍၊ ထိုမိန်းမတို့အားတစ် ယောက်တစ်ဝက်စီပေးလော့"ဟုမိန့်တော်မူသော်၊–

အသက်ရှင်သောသူငယ်၏အမိသည်မိမိသားကိုပိုင်းဖြတ်ပြီးတစ်ဝက်စီဝေပေးမည်ဟုအမိန့်တော်ချမှတ်သံ ကိုကြားရသော်။ …သားငယ်ကိုအလွန်သနား၍၊–

မိန်းမက– "အိုအရှင်…အသက်ရှင်သောသူငယ်ကို မသတ်ပါနှင့်၊ ဤမိန်းမအားပေးတော်မူပါ"ဟုအလွန် ညှိုးငယ်သောစိတ်နှင့် တောင်းပန်လေသည်။
အခြားမိန်းမက၊– "ငါလည်းမပိုင်၊ သင်လည်းမပိုင်စေနှင့်၊ ခွဲသာခွဲကြပါ"ဟုဆိုလေသည်။

ထိုအခါ ရှင်ဘုရင်က၊– "အသက်ရှင်သောသူငယ်ကို မသတ်နှင့်၊ အရင်မိန်းမအားပေးလော့။ သူမသည် မိခင်ရင်းမှန်သည်"ဟုမိန့်တော်မူသည်။

\-\-\-\-\-\-\-\-\-\-\-\-

ဤအကြောင်းအရာသည်လွန်ခဲ့သောအချိန်က၊ ရှောလမုန်မင်းကြီး၏ညာဏ်ပညာနှင့်မှန်ကန် သောတရားဆုံးဖြတ်ချက်ကိုပြသလို၊ မိခင်၏မေတ္တာကိုလည်းသရုပ်ဖော်ပြထားပါသည်။

\-\-\-\-\-\-\-\-\-\-\-\-

အကြောင်းမှာ–တစ်ဦးကမိခင်အရင်း၊ အခြားတစ်ဦးမှာ မိခင်အရင်းမဟုတ်ပါ။ သို့သော်လည်း၊ သားကို နှစ်ပိုင်းဖြတ်ပြီး တစ်ပိုင်းစီ ပေးမည်ဟု စီစဉ်သောအခါ မိခင်ရင်းဖြစ်သူက သားငယ်ကို တစ်ပိုင်းမျှ ၍ မယူလို။ တစ်ကိုယ်လုံးကို မိမိနှင့်တရားပြိုင်သူအား ပေးကာ စွန့်လွှတ်လိုက်သည်။ ပြည်တန်ဆာ မိခင် ပင်လျှင် သူမ၏သားအရင်းကို မနာစေလိုပါ၊ မသေစေချင်ပါ၊ သားအပေါ် သနားကြင်နာစိတ် ယိုဖိတ်လျက် ရင်တွင်း၌ တောက်လောင်နေသော အပူမီးဒဏ်ကို မိမိတစ်ဦးတည်းသာလျှင် ကြိတ်မှိတ် ခံစားလိုသည်။

(၉)လလွယ်၍၊(၁၀)လမှာဖွားရသော မိခင်တို့၏သား/သမီးအပေါ်ထားသော မေတ္တာသည် ကြီးမားလှပေသည်။ ပြည်တန်ဆာမိခင်သည်လည်း မိခင်ထဲမှမိခင်တစ်ဦးဖြစ်သည်မို့ အချစ်လျော့သည်၊ မေတ္တာလျော့မည်ထင်ပါနှင့်။ နူတ်ကြမ်းသော မိခင်၊ စိတ်ရိုင်းသော မိခင်၊ မာန်ထောင်သော မိခင်ပင် ဖြစ်ပါ လေစေ၊ မိမိတို့သား/သမီးအပေါ်တွင် အစဉ်ကြမ်းမည်၊ ရမ်းမည်၊ မာန်တင်းမည် မဟုတ်ပါ။ အနူးညွတ်ဆုံး သောမေတ္တာကိုပင် ပေးတတ်ပါသည်။

မိန်းမတို့မည်သည်မှာ မိခင်စိတ်ဓါတ်၊ မိခင်မေတ္တာနှင့် မိခင်တာဝန်တို့ဖြင့်ဘုရားသခင်ပေးအပ် ထားသည့် ကောင်းကြီးမင်္ဂလာခံစားရသူဖြစ်သည်။သား/သမီးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဘုရားပေး အပ်ထားသည့် မေတ္တာကောင်းကြီးသည် မိန်းမတိုင်း၏ အတွင်းစိတ်သဘောတွင် သန္ဓေတည်လျက်ရှိ၏။

မိန်းမတို့၏ အရိုးခံ အကြင်နာမေတ္တာ ကြီးမားလွန်း၍၊ ယောကျ်ားများနှင့် နှိုင်းယှဉ်သည့်အခါ တိုင်းတွင် အားနွဲ့သူ/အားငယ်သူ များဖြစ်ရပါသည်။ ။

**ရီရီအေး**

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# သားနှင့်အမေ

**မဆိုဂျုယ်(မော်တင်လိန်း)**

အိမ်အပြန် သားကို စောင့်နေတဲ့ … အမေ၊
ဟော! … သားပြန်လာပြီ။
အမေသည် သားကို အိမ်ခြံဝမှာ ထွက်ကြိုလိုက်၏။
အိမ်အပြန် နောက်ကျသောသားကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကြည့်ရင်း
တပြုံးပြုံးနှင့် ကြည့်လို့မဝနိုင်ပေ။

××××××××××××××

သား ရေချိုးသန့်စင်နေစဉ် သားအတွက် ထမင်းပွဲရှေ့ရောက် အမေ ပြင်ပေးလိုက်၏။
သား ထမင်းစားလျှင် သားထမင်းမြိန်/မမြိန်ကို အမေက အနားမှာ စောင့်ကြည့်နေသေးသည်။
သားကတော့ မြိန်သည်လည်းမဟုတ်၊ မမြိန်သည်လည်းမဟုတ်၊ ဆာလောင်၍ ဗိုက်ပြည့်အောင် စားပြီ၊
ထမင်းစားပွဲမှ ထလိုက်၏။

××××××××××××××

စားစရာ အချိုလေးများ မရှိဘူးလား အမေ" ဟုမေးလိုက်၏။
အမှန်တော့ ဒီနေ့အတွက် တကယ့်ကို ဘာစားစရာ အချိုအချဉ် တစ်ခုမှမရှိ။
သို့သော် အမေက မရှိဘူး ဟူသော စကား ကို သားအား မပြောရက်။
အမေက သားကို ကြည့်ရင်း "သားဘာစားချင်လို့လဲ"
"နေပါစေတော့ အမေ၊ အခုလည်း ဗိုက်ပြည့် နေပါပြီ"
"သားရေ ဒီကနေ့ည အမေတို့အိမ် ကင်းစောင့်အလှည့်ကျတယ်။ နေ့လည်ခင်းက ရပ်ကွက် လူကြီး လာပြောသွားတယ်"။
"ကင်းလှည့်ကျတာ မြန်လိုက်တာ အမေရာ"
"ဟုတ်ပဲ့သားရယ်။ အမေလည်းကင်းကျတာစောတယ်ထင်နေတာ။ ဒီကင်းကလည်း ခဏခဏပါဘဲ"
"သားစောင့်ပါ့မယ် အမေ"

သားကိုကင်းစောင့်ပါလို့ အမေက မပြောရက်။
သားကလွဲရင်လည်း စောင့်မည့်သူမရှိ။ ပြေးကြည့်ပါမှ ဒီမုဆိုးမသားနှင့်အမိ။

မကြာမီ သားသည် စောင်ထုပ်လေးပိုက် လက်နှိပ်ဓါတ်မီးဆွဲ၍ ကင်းစောင့်ရန် ထွက်ခဲ့၏။
အမေသည် သား၏ကျောပြင်ကို ကြည့်ပြီး ဝမ်းနည်းနေမိပြန်သည်။ သားက သင်္ဘောသီး စားချင်သည် ဟုဆို၏။ သင်္ဘောသီး တစ်လုံးကို အမေ ဘယ်လိုဝယ်ကျွေးရမည်နည်း။

××××××××××××××

ကင်းတဲတွင် ဘကြီးဖြိုးက ရောက်နှင့်နေပြီ။
"ဟေ့! မင်း … ဒီညနောက်ကျတယ်ကွာ။ ဘယ်လိုလဲ မျက်နှာလည်းညှိုးနေပါလား။ နေကောင်း ရဲ့ လား"
"နေကောင်းပါတယ်ဗျာ၊ ဒီလို ဘကြီးဖြိုးရဲ့။ ကျွန်တော် သင်္ဘောသီး စားချင်တယ် ပြောမိလို့ အမေဝမ်းနည်းပြီး ကျန်ခဲ့တာမို့ စိတ်မကောင်းဘူးဗျာ"
ထိုစဉ် ဘကြီးဖြိုးသည် ဆေးပေ့လိပ်ကို ဖွာရင်း … " မင်းအမေက မင်းလူလားမမြောက်မီ မင်းအဖေဆုံး သွားတော့ မင်းအမေအတွက် ရွှေတောင်ကြီးပြိုလဲသလို ဖြစ်ခဲ့ရတယ်။ ဒီနောက်တော့ မင်းကို လူလား မြောက်အောင် မွေးခဲ့တာပဲကွဲ့။ မင်းလူတလုံး သူတလုံး ဖြစ်လာတော့ အရိပ်တကြည့်ကြည့်နဲ့ ဂုဏ်ယူ နေတာ"
"ဟုတ်ပါ့ဗျာ၊ အမေ့က ကျွန်တော့ အရိပ်အခြေအနေကို အမြဲကြည့်ပြီး လိုဘက်ဖြည့်နေတာ။ အခုလည်း အမေဝမ်းနည်းပြီး ကျန်ခဲ့တာ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်ပါ့မလား။ စိုးရိမ်တယ်ဗျာ" ပြောရင်းဆိုရင်း လက်နှိပ်ဓါတ်မီးကို ကောက်ဆွဲပြီး ကင်းလှည့်တစ်ပတ် ထွက်ခဲ့သည်။

××××××××××××××

အမေ့အိမ်ရှေ့သို့ရောက်သော် အိမ်ဝမှ သေချာစစ်ပြီး၊ တိတ်ဆိတ်နေ၍
အမေအိပ်မောကျနေမည် အထင်နှင့် စိတ်အေးသက်သာ ရပြန်သည်။

ကင်းတဲသို့ ပြန်ရောက်သော် မအိပ်ရအောင် ဘကြီးဖြိုးက စကားဆက်ပြောပြန်သည်။
"မင်းအမေကိုမင်းချစ်သလား"
"ချစ်တာပေ့ါဗျာ"
"အေး! ချစ်ရင် အလိမ္မာ အိမ်ပါတာမျိုး ရှာကွ။ သို့မဟုတ်ရင် မင်းအမေ ရင်ကွဲနေပါ့ဦးမယ်"
"ဟာဗျာ … ဘကြီးဖြိုးကလည်း ပါးစပ်နမိတ် မကောင်းပါဘူးဗျာ၊ မလုပ်ပါနဲ့"
"အင်း! ဘကြီးဖြိုး ပုံပြင်လေးတစ်ခု မင်းကိုပြောပြမယ်။ ကဲ … နားထောင် ငါ့တူ"

တခါက ဂျပန်နိုင်ငံမှာ မုဆိုးမမိခင်ကြီးနှင့် သားတစ်ယောက်ရှိတယ်။ မိခင်ကြီးက ဖခင်ကံဆိုး တဲ့သားလေးကို သိပ်ချစ်လွန်းလို့ အလိုလိုက်ခဲ့တယ်။ ဒီလိုနဲ့ သားကြီးလာတဲ့အခါ သူချစ်တဲ့ မိန်းမချော လေး တစ်ယောက်ကို တွေ့ခဲ့တယ်။ သူက ဒီပျိုမြူလေးကို အလွန်အမင်း စွဲလမ်းနေပြီး သူ့ကို ပြန်ချစ်ဖို့ တကျည်ကျည် ပူနေတော့ မိန်းမချောက "ကျမမှာ သိပ်ချစ်ရတဲ့ ခွေးတစ်ကောင် ရှိတယ်။ အဲဒီ ခွေးစားဖို့ ရှင့်အမေရဲ့ အသဲနှလုံးကို ရအောင်ယူပေးနိုင်ရင် ကျမ ရှင့်ကိုပြန်ချစ်ပါ့မယ်" လို့ပြောတော့ … …

ဗိုက်သားက ဝမ်းသာလုံးဆိုပြီး အမေ့ထံကို အပြေးပြန်သွားတယ်ကွဲ့။ အိပ်မောကျနေတဲ့ အမေ့ရဲ့ ရင်ကိုခွဲ အသဲနှလုံးကို ဆွဲနှုတ်ယူလို့ ချစ်ရတဲ့သူအား အမြန်ပေးနိုင်ဖို့ ခြေကုန်ပြေးလာရာ လမ်း မှာ ခလုတ်တိုက် လဲကျပါလေရော။ လဲကျလို့ သူ့လက်ထဲမှ လွင့်စင်သွားတဲ့ အမေ့ရဲ့ အသဲနှလုံးက … …

"သား ဘယ်များ နာသွားသေးလဲ၊ အမေ့ကို ပြောပါအုံး" လို့မေးသတဲ့။
"ဟာဗျာ ဘကြီးဖြိုးကလဲ ဒါက ပုံပြင်ထဲမှာဘဲ ဖြစ်မှာပါ"
"မှန်တယ်ငါ့တူ။ ဒါဟာ အမေရဲ့ကြီးမားလှတဲ့မေတ္တာ၊ မိခင်၏စိတ်ဓါတ်ကို ဖေါ်ကျူးတဲ့ အကောင်းဆုံး ပုံပြင်တစ်ခုဘဲကွဲ့"။

"ကျွန်တော်သဘောပေါက်ပါပြီ … မိခင်၏စိတ်ဓါတ်ဆိုတာ သာမန်မဟုတ်ဘူး။ သားသမီးအတွက်ဆိုရင် အရာရာကို ရင်ဆိုင်စွန့်လွှတ်ရဲတယ်။ သားသမီးတွေလိမ္မာရင် မိခင်အများ လူဖြစ်ရကျိုးနပ်ပြီဆိုဘဲ။ စိတ်ချပါ ဘကြီးဖြိုး ကျွန်တော့် အမေအတွက် အလိမ္မာ အိမ်ပါတာမျိုး ရှာယူပဲ့ါမယ်ဗျာ။ ကျွန်တော် ကင်းလှည့် တစ်ပတ်ထွက်လိုက်ပါအုံးမယ်။ ဘကြီးဖြိုးလည်း အနားယူလိုက်ပါဗျာ"။

ကျွန်တော်လည်း ပြောရင်းဆိုရင်း ကင်းတဲမှ ထွက်ခဲ့ပါတော့သည်။

×××××××××××××××

မာတာမိခင် အမေ၏ မေတ္တာကို လူတိုင်း သဘာပေါက် နားလည်စေချင်ပါသည်။
မိခင်မရှိတော့မှ မိခင်မေတ္တာကို တစိမ့်စိမ့်တွေးပြီး တောင့်တသော်လည်း ပြန်၍မရနိုင်တော့ပါ။
မိခင်၏ မေတ္တာစေတနာကား ကြီးမားပါ၏။ သို့ရာတွင် လူတိုင်း မခံစားရပေ။
မိခင်သည် ဂုဏ်ပြုထိုက်သောသူ ဖြစ်ပါသည်။

×××××××××××××××

သမ္မာကျမ်းစာတော်မြတ်၌ (သုတ္တံကျမ်း၊၅း၁–၁၄) ကို နှလုံးသွင်းကြပါစို့။
ငါ့သား၊ သင်သည် သမ္မာသတိရှိ၍၊ သင်၏ နှုတ်ခမ်းသည် သိပ္ပံအတတ်ကို စောင့်မည် အကြောင်း၊ ငါ့ပညာကို မှတ်ကျုံး၍၊ ငါပေးသော ဥာဏ်သို့ သင့်နားကို လှည့်လော့။ အကြောင်းမူကား၊ အမျိုးပျက်သော မိန်းမ၏ နှုတ်ခမ်းသည် ပျားလပို့ကဲ့သို့ ယိုတတ်၍၊ သူပြောသောစကားသည် ဆီထက်ချောသော်လည်း၊ အဆုံး၌ကား၊ သူသည် ဘင်းခါးရွက်ကဲ့သို့ ခါး၍၊ သန်လျက်နှင့် အမျှထက်၏။ သူ၏ ခြေတို့သည် သေခြင်းသို့ ဆင်း၍၊ သူသွားရာ လမ်းသည် မရဏာနိုင်ငံသို့ ရောက်တတ်၏။ သင်သည် အသက်လမ်းကို မဆင်ခြင်ရအောင်၊ သူ့ထုံးစံဓလေ့တို့သည် တရွေ့ရွေ့ ပြောင်းလဲသဖြင့်၊ သင်သည်နားမလည်နိုင်ရ။ သို့ဖြစ်၍ ငါ့သားတို့၊ ငါ့စကားကို နားထောင်ကြလော့။ ငါဟောပြောချက်တို့ကို မပယ်ကြနှင့်။ ထိုသို့သော မိန်းမကို ဝေးစွာရှောင်သွားလော့။ သူ့နေရာတံခါးဝသို့ မချဉ်းနှင့်။ သို့မဟုတ် သင်သည် ကိုယ်ဂုဏ်အသရေကို သူတပါး၌၎င်း၊ ကိုယ်အသက်ကို ကြမ်းတမ်းသောသူတို့၌၎င်း အပ်လိမ့်မည်။ တပါးအမျိုး သားတို့သည် သင်၏ စည်းစိမ်နှင့် ပြည့်ဝ ကြလိမ့်မည်။ သင်လုပ်၍ ရသောဥစ္စာသည် တပါးအမျိုးသားအိမ်သို့ ရောက်လိမ့်မည်။ နောက်ဆုံး၌ သင့်အသား၊ သင့်ကိုယ်ကာယ ဆွေးမြေ့သောအခါ၊ ငါသည် သွန်သင်ခြင်းကို မုန်းလေပြီတကား။ ဆုံးမခြင်းကို စိတ်နှလုံးထဲမှာ မထီမဲ့မြင်ပြုလေပြီတကား။ ငါ့ဆရာတို့၏ စကားကို နားမထောင်ဘဲ၊ ငါ့အား သွန်သင်သောသူတို့၏စကားကို နားမခံဘဲနေလေပြီတကား။ စည်းဝေးသော ပရိသတ်များအလယ်၌ ဒုစရိုက်မျိုးကို ကုန်စင်လုသည်တိုင်အောင် ငါပြုလေပြီတကားဟု မြည်တမ်းရလိမ့်မည်။

×××××××××××××××

***"A mother understands what a child does not say."***
**(Jewish proverb)**

## Inspirational Bible Verses on Mother's Day

**Exodus 20:12**
"Honor your father and your mother, so that you may live long in the land the LORD your God is giving you."

**Isaiah 66:13**
"As a mother comforts her child, so will I comfort you; and you will be comforted over Jerusalem."

**2 Timothy 1:5**
"I have been reminded of your sincere faith, which first lived in your grandmother Lois and in your mother Eunice and, I am persuaded, now lives in you also."

**1 Thessalonians 2:7**
"As apostles of Christ we could have been a burden to you, but we were gentle among you, like a mother caring for her little children."

*May May,*

*The many things you've done for us in your own special way, have meant a lot to us.*

*You are so special and so important to us,*
*so much apart of our lives …and*
*so very much a part of our love.*

*We thank you for your love, understanding, encouragement and for your prayers too. We love you for all the wonderful things. You are the most wonderful mother a son could ever want.*

*Happy Mother's Day!*

*Thar: K.N.M*

# Honor Your Mother with All Your Hearts.

## Mother's Love

Her love is like
an island in life's ocean,
vast and wide
A peaceful, quiet shelter
From the wind, the rain, the tide.
It is bound on the north by Hope,

By Patience on the West,
By tender Counsel on the South
And on the East by Rest.
Above it like a beacon light
Shine Faith, and Truth, and Prayer,
And thro' the changing scenes of life
I find a haven there.

By: Win Win Than

## Mother's Day

---

By: Goodycat

It's Mother's day,
I don't know what to say.
After everything you've done,
what should I have done?

When I was bad,
you were strict at times,
and when I was sad,
you comforted me.

Nothing can pay back for
your years of being a mother,
But I can say this, and it's:
I Love You!